# အပြန်အလှန်ဆက်သွယ်ခြင်း နှင့် ချိတ်ဆက်အသုံးပြုခြင်း ဆိုင်ရာ နည်းဥပဒေများ

(ယခု ဖော်ပြထားသော မြန်မာဘာသာသို့ ပြန်ဆိုထားချက် မှာ အလွတ်သဘောပြန်ဆိုထားသော Unofficial Translated Version ဖြစ်ပါသည်)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေ (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁) ပုဒ်မ ၈၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့ ၏ သဘောတူညီချက် ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေကို အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ နည်းဥပဒေဟူ၍ ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေတွင် ပါရှိသောစကားရပ်များသည် ဆက်သွယ်ရေးဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပါယ် သက်ရောက်ရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်ရမည်-

(က) "ချိတ်ဆက်အသုံးပြုခြင်း" ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦးက အလားတူ လိုင်စင်ရရှိသူ အခြား တစ်ဦးအား ဆက်သွယ်ရေး ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန် အတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များ နှင့် အညီ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း နှင့် ကွန်ရက် ဝန်ဆောင်မှု လုပ်ငန်း ကို ရယူ သုံးစွဲနိုင်စေခြင်း ကို ဆိုသည်။ ချိတ်ဆက်အသုံးပြုခြင်း ဟုဆိုရာ၌ ဆက်သွယ်ဆိုင်ရာ အခြေခံ အဆောက်အအုံများအား မျှဝေသုံးစွဲခြင်း၊ အပြည်ပြည်ဆိုင်ရာ ပင်မ ဝင်ပေါက် ထွက်ပေါက်အား ရယူသုံးစွဲခြင်း၊ ပြည်တွင်းဆက်သွယ်ရေး ကွန်ယက်ရှာဖွေ ချိတ်ဆက်ခြင်း၊ သီးသန့်ဆက်ကြောင်း များ အား လက်ကား စနစ်ဖြင့် စီစဉ်ပေးခြင်း ၊ အတူတကွ တွဲ၍ အသုံးပြုခြင်း တို့ ပါဝင်သည်။

(ခ) "ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်" ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦးက လိုင်စင်ရရှိသူ အခြား တစ်ဦးအား မိမိ ၏ ဆက်သွယ်ရေး ကွန်ရက်ကို ချိတ်ဆက် ခွင့်ပြုသည့် သဘောတူညီချက် ကို ဆိုသည်။

(ဂ) "အစုစပ်အဖွဲ့ဝင်" (Affiliate) ဆိုသည်မှာ အောက်ဖော်ပြပါ အနေအထား နှင့် ညီညွတ်သည့် အဖွဲ့အစည်းကို ခေါ်ဆိုခြင်း ဖြစ် သည်။ အဖွဲ့အစည်းတစ်ခုသည် အောက်ဖော်ပြပါ အခြေအနေများနှင့် ညီညွတ်လျှင် အခြားသော အဖွဲ့အစည်းတစ်ခု၏ အစုစပ်အဖွဲ့ဝင် ဖြစ်သည်။

(၁) ပထမ အဖွဲ့အစည်းသည် ဒုတိယအဖွဲ့အစည်းတွင် လွှမ်းမိုးမှုရှိသည့် ပိုင်ဆိုင်မှုအခြေအနေ တစ်ရပ်ကို ရရှိထားလျှင်၊

(၂) ဒုတိယအဖွဲ့အစည်းသည် ပထမအဖွဲ့အစည်း တွင် လွှမ်းမိုးမှုရှိသည့် ပိုင်ဆိုင်မှုအခြေအနေ တစ်ရပ်ကို ရရှိထားလျှင် သို့မဟုတ်

(၃) တတိယအဖွဲ့အစည်းသည် ပထမ နှင့် ဒုတိယ အဖွဲ့အစည်း နှစ်ခု လုံး တွင် လွှမ်းမိုးမှုရှိသည့် ပိုင်ဆိုင်မှု အခြေအနေ တစ်ရပ်ကို ရရှိထားလျှင်

(ဃ) "အကျုံးဝင်သော စည်းမျဉ်းစည်းကမ်း" ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့် များ၊ လမ်းညွှန်ချက်များ၊ ညွှန်ကြားချက်များ ၊ ကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်းများ ကို ဆိုသည်။

(င) လွှမ်းမိုးမှုရရှိနိုင်သည့် ပိုင်ဆိုင်မှုအခြေအနေ (Controlling Interest) ဆိုသည်မှာ အောက်ပါ ပိုင်ဆိုင်မှု အခြေအနေတို့ ကို ဆိုလိုသည်။

(၁) အခြားအဖွဲ့ အစည်းတစ်ခုတွင် မဲပေးပိုင်ခွင့်ရှိသော စတော့ (Voting stock) ၏ ၅ဝ ရာခိုင်နှုန်းအထက် ပိုင်ဆိုင်ထားမှု၊ အဖွဲ့ ဝင်ပိုင်ဆိုင်မှု အခြေအနေ သို့ မဟုတ် အထွေထွေအစုစပ် ပိုင်ဆိုင်မှု အခြေအနေ (General Partnership Interest) တို့ အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိထားခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးအား အောက်ပါ အခြေအနေတစ်ခုခု သို့ မဟုတ် အားလုံးကို ဆောင်ရွက်ပိုင်ခွင့် ပေးထားခြင်း

(က) အခြား အဖွဲ့ အစည်းတစ်ခု ၏ ဒါရိုက်တာ အဖွဲ့ သို့ မဟုတ် စီမံခန့် ခွဲမှုကော်မတီ၏ ( ၅ဝ)ရာခိုင်နှုန်း အထက်ကို ခန့် ထားနိုင်ခြင်း

(ခ) အခြားအဖွဲ့ အစည်းတစ်ခု ၏ နေ့ စဉ် လုပ်ငန်းများကို ကွပ်ကဲသော အထက်တန်း အမှုဆောင်များ (Senior Executive) ကို ခန့် ထားခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း ၊ အဆင့်ချ ထားခြင်း နှင့် ထုတ်ပယ်ခြင်း

(ဂ) အခြားအဖွဲ့ အစည်းတစ်ခု၏ အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု၊ အုပ်ချုပ်မှု သို့ မဟုတ် စီမံခန့် ခွဲမှု ဆိုင်ရာ ဆုံးဖြတ်ချက်များကို ချမှတ်ခြင်း

(ဃ) အခြား အဖွဲ့ အစည်းတစ်ခု၏ စီမံခန့် ခွဲမှု ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဓိကကျသော နေရာမှ ပါဝင်ခြင်း

(င) အခြား အဖွဲ့ အစည်းတစ်ခု၏ နေ့ စဉ် လုပ်ငန်းဆောင်ရွက်မှုများကို စီမံခန့် ခွဲခြင်း

(စ) အခြားအဖွဲ့ အစည်းတစ်ခုက ဖြည့်ဆည်းပေးသော ဝန်ဆောင်မှု၏ သဘောသဘာဝ သို့ မဟုတ် ဝန်ဆောင်မှု ပုံစံကို လည်းကောင်း၊ အဆိုပါဝန်ဆောင်မှုများအတွက်

သတ်မှတ် ထားသည့် စည်းကမ်းချက်များ၊ နှုန်းထားများ ဆုံးဖြတ်ရာတွင် လည်းကောင်း၊ အဆိုပါ ဆုံးဖြတ်ချက်ပြုရာတွင် ပါဝင်ရာ၌ လည်းကောင်း သိသိသာသာ လွှမ်းမိုးမှုပြုနိုင်ခြင်း ၊

(စ) "ရက်များ" ဆိုသည်မှာ ပြက္ခဒိန်ရက်များကို ဆိုလိုသည်။

(ဆ) "ဦးစီးဌာန" ဆိုသည်မှာ ပြည်ထောင်စု အစိုးရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန လက်အောက်ရှိ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ကို ဆိုသည်။

(ဇ) "အငြင်းပွားမှုဖြေရှင်းရန်တောင်းဆိုချက်" ဤနည်းဥပဒေတွင် ချမှတ်ထားသော အငြင်းပွား မှု ဖြေရှင်းရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လိုင်စင်ရရှိသူတစ်ဦးမှ ဦးစီးဌာန သို့မဟုတ် လိုင်စင် ရရှိသူ အခြား တစ်ဦး သို့ စာဖြင့် ရေးသားတောင်းဆိုချက် ကို ဆိုသည်။

(ဈ) "သုံးစွဲသူ" ဆိုသည်မှာ လိုင်စင်ရရှိသူ တစ်ဦး မှ ဖြည့်ဆည်းပေးသော ဆက်သွယ်ရေးဝန်ဆောင်မှုများကို ရယူသုံးစွဲနေသော လိုင်စင်ရရှိသူ အခြားတစ်ဦး မဟုတ်သည့် လုပ်ငန်းတစ်ခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို ဆိုသည်။

(ည) "ဈေးကွက်အားလွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူ" ဆိုသည်မှာ တစ်ဦးတည်းဖြစ်စေ၊ အခြားသူများနှင့် ပူးပေါင်း၍ဖြစ်စေ ယှဉ်ပြိုင်သူများ၊ သုံးစွဲသူများ ကို အတိုင်းအတာ တစ်ရပ် အထိ မှီခိုခြင်းမရှိပဲ လွတ်လပ်စွာဆောင်ရွက်နိုင်သည့် စီးပွားရေးအရ ခိုင်မာသော အနေအထားကို ရရှိပိုင်ဆိုင်ထားသော လိုင်စင်ရရှိသူကို ဆိုလိုသည်။

(ဋ) "အပြန်အလှန်ဆက်သွယ်ခြင်း" ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦး၏ ကွန်ရက်နှင့် လိုင်စင်ရရှိသူ အခြား တစ်ဦး၏ ကွန်ရက်တို့ အား အောက်ပါအချက်များကို ခွင့်ပြုနိုင်ရန်အလို့ငှာ ရုပ်ပိုင်းဆိုင်ရ အရ သော်လည်းကောင်း၊ ကျိုးကြောင်းဆက်စပ်မှု အရသော်လည်းကောင်း ချိတ်ဆက်ခြင်း ကို ဆိုသည်-

(၁) လိုင်စင်ရရှိသူတစ်ဦး၏ ဆက်သွယ်ရေးဝန်ဆောင်မှုကို အသုံးပြုနေသူများ နှင့် လိုင်စင် ရရှိသူ အခြား တစ်ဦး၏ ဆက်သွယ်ရေးဝန်ဆောင်မှုများကို အသုံးပြု နေသူများ အချင်းချင်း ဆက်သွယ်ရန် (သို့မဟုတ်)

(၂) လိုင်စင်ရရှိသူ အခြားပုဂ္ဂိုလ် (၂) ဦး ၏ ကွန်ရက် အထောက်အကူပြုပစ္စည်းများကို ဆက်သွယ် ရန် လိုအပ်သည့် ဝန်ဆောင်မှုများကို ကူးပြောင်းချိတ်ဆက်ရန်

(ဌ) "အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာသဘောတူညီချက်" ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦးက လိုင်စင် ရရှိသူ အခြားတစ်ဦးထံသို့ အပြန်အလှန်ဆက်သွယ်ခြင်း ကို ဖြည့်ဆည်းပေးရန် လက်ခံသည့် သဘော တူညီချက် တစ်ခု ဖြစ်သည်။

(ည) "လိုင်စင်" ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသော၊ ၂၀၁၃ ခုနှစ် လိုင်စင်ဆိုင်ရာနည်းဥပဒေပုဒ်မ(၂၀ ) အရ သတ်မှတ်ပြဌာန်းထားသည့် လိုင်စင်ကို ဆိုသည်။

(ဋ) " ဝန်ကြီးဌာန" ဆိုသည်မှာ ပြည်ထောင်စု အစိုးရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန ကို ဆိုသည်။

(ဏ) "လိုင်စင်ရရှိသူအခြားတစ်ဦး" ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးထားသော ကွန်ရက် အထောက် အကူ ပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့ မဟုတ် ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ရရှိထားသော အပြန်အလှန် ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်း ကို ဆောင်ရွက်နိုင်သည့် အခြား ပုဂ္ဂိုလ် တစ်ဦး ဦးကို ကို ဆိုသည်

(တ) "ပုဂ္ဂိုလ်" ဆိုသည်မှာ ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့ အစည်း ကို ဆိုသည်။

(ထ) "လိုင်စင်ရရှိသူ" ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးထားသော ကွန်ရက်အထောက်အကူပြု ဝန်ဆောင် မှု လုပ်ငန်းလိုင်စင် သို့ မဟုတ် ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ရရှိထားသော အပြန် အလှန် ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်း ကို ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ် တစ်ဦး ဦး ကို ဆိုသည်။

(ဒ) "အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ရည်ညွှန်းကမ်းလှမ်းချက်" သို့မဟုတ် "RIO" ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦးက လိုင်စင်ရရှိသူအခြားတစ်ဦး အား အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ကိစ္စရပ်များ ကို ဆောင်ရွက်နိုင်အတွက် လိုင်စင်ရရှိသူက သတ်မှတ်သော ဈေးနှုန်းများနှင့်၊ စည်းကမ်းချက်များ ပါဝင်သည့် ကမ်းလှမ်းချက် ကို ဆိုသည်။

(ဓ) "ချိတ်ဆက်သုံးစွဲခြင်းဆိုင်ရာရည်ညွှန်းကမ်းလှမ်းချက်" သို့မဟုတ် "RAO" ဆိုသည်မှာ လိုင်စင်ရရှိသူ တစ်ဦးက လိုင်စင်ရရှိသူ အခြား တစ်ဦး အား မိမိ၏ကွန်ရက်အား ချိတ်ဆက် အသုံးပြုနိုင်ရန်အတွက် လိုင်စင်ရရှိသူက သတ်မှတ်သော ဈေးနှုန်းများ နှင့်၊ စည်းကမ်းချက်များ ပါဝင်သည့် ကမ်းလှမ်းချက်ကို ဆိုသည်။

(န) "ဆက်သွယ်ရေး ဥပဒေ" ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဌာန်းပြီး၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် သမ္မတ က လက်မှတ် ရေးထိုးထားသည့် ၂၀၁၃ ခုနှစ်၊ ဆက်သွယ်ရေး ဥပဒေကို ဆိုသည်။

# အခန်း (၂)

## အပြန်အလှန်ဆက်သွယ်ခြင်း နှင့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ မူများနှင့် တာဝန်ဝတ္တရားများ

၃။ အပြန်အလှန်ဆက်သွယ်ခြင်း နှင့် ချိတ်ဆက်အသုံးပြုခြင်း အတွက် ဦးစီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

က) ထိရောက်ပြီး ရေရှည်တည်တံ့သော ယှဉ်ပြိုင်မှုဖြစ်စေရန် နှင့် သုံးစွဲသူများအတွက် ရေရှည်အကျိုး ဖြစ်ထွန်းမှုရှိစေရန် ရည်မှန်းလျက် အပြန်အလှန်ဆက်သွယ်ခြင်း နှင့် ချိတ်ဆက်အသုံးပြုခြင်းကို သင့်မြတ် မှန်ကန်ပြီး အချိန်နှင့် တပြေးညီဖြစ်ရန် အားပေးဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ပါ အချက်များ ပါဝင်သည်-

(၁) လိုင်စင်ရှိသူများလိုက်နာရမည့် အပြန်အလှန်ဆက်သွယ်ခြင်း နှင့် ချိတ်ဆက်အသုံးပြုခြင်း ဆိုင်ရာ တာဝန်ဝတရား များ အား ပြဌာန်းခြင်း

(၂) ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်သည့် အခါ၌ သော်လည်းကောင်း၊ သဘောတူညီမှုစာချုပ်တွင် ပါဝင်သူများ ၏ ပန်ကြားချက်အရသော်လည်းကောင်း မိမိ၏ကနဦးလုပ်ဆောင်ချက်ဖြင့် ကြားဝင်ဆောင်ရွက်ခြင်း

ခ) နိုင်ငံ၏ သတင်းအချက်အလက် နှင့်ဆက်သွယ်ရေးဆိုင်ရာ ဆောင်ရွက်မှုများကို မြှင့်တင်ပေးရန်အတွက် ဈေးကွက်အားလွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူများ (Dominant Licensees) လိုက်နာရမည့် ဝတ္တရာများနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေ ပါ ပြဌာန်းချက်များ မည်သို့ပင်ရှိစေကာမူ ဦးစီးဌာနသည် အပြန်အလှန်ဆက်သွယ်ခြင်း နှင့် ပတ်သက်သော အောက်ဖော်ပြပါ အခြား စည်းကမ်းချက်များကို ထပ်မံ ချမှတ်နိုင်သည်။

(၁) ယှဉ်ပြိုင်မှု ကို ထိရောက်မှုရှိစေမည့် စည်းကမ်းချက်များ

(၂) နည်းပညာဆိုင်ရာ စည်းကမ်းချက်များ

(၃) ခေါ်ဆိုခနှုန်းထားများနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ

(၄) ဖြန့်ဖြူးမှုနှင့် အသုံးပြုမှု ဆိုင်ရာ စည်းကမ်းချက်များ

(၅) သတ်မှတ် စံချိန်စံညွှန်းများအား လိုက်နာရန် စည်းကမ်းချက်များ

(၆) အဓိကအထောက်အကူပြု ပစ္စည်း များ (esstential facilities) နှင့် ဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ

(၇) သဘာဝပတ်ဝန်းကျင် ကာကွယ်ခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ

(၈) ဝန်ဆောင်မှု အရည်အသွေး နှင့် စားသုံးသူ ကာကွယ်ရေး တို့အား ထိန်းသိမ်းခြင်း

(၉) ကွန်ယက် ဖြန့်ဝေသုံးစွဲခြင်း (Network disaggregation) နှင့် သက်ဆိုင်သည့် စည်းကမ်းချက်များ

(၁၀) ကုန်ကျစရိတ် တွက်ချက်ခြင်းဆိုင်ရာ နည်းလမ်းများနှင့် သက်ဆိုင်သည့် စည်းကမ်းချက် များ

၄။ အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ချိတ်ဆက်အသုံးပြုခြင်းနှင့် စပ်လျဉ်းပြီး အောက်ပါ တာဝန်ဝတ္တရားများကို သတ်မှတ်ထားသည်-

က) ဦးစီးဌာနသည် လိုင်စင်ရရှိသူတစ်ဦးအား လိုင်စင်ရရှိသူအခြားတစ်ဦး ဦး နှင့် အပြန်အလှန် ချိတ်ဆက်ခြင်း ဆိုင်ရာ သဘောတူညီချက်အား ညှိနှိုင်းရန် စာဖြင့် ညွှန်ကြားနိုင်သည်။

ခ) လိုင်စင်ရရှိသူတစ်ဦးသည် လိုင်စင်ရရှိသူအခြားတစ်ဦးက အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်အား ညှိနှိုင်းရန် စာဖြင့်ရေးသားတောင်းဆိုလာပါက ညှိနှိုင်း ဆောင်ရွက်ရမည်။

ဂ) ဦးစီးဌာနသည် ဈေးကွက်အားလွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူ မည်သူကိုမဆို လိုင်စင်ရရှိသော အခြားသူများနှင့် ချိတ်ဆက်အသုံးပြုခြင်း ဆိုင်ရာ သဘောတူညီချက်အား ညှိနှိုင်းရန် စာဖြင့် ညွှန်ကြားနိုင်သည်။

ဃ) လိုင်စင်ရရှိသူအခြားတစ်ဦးဦးက ထပ်တူ တည်ဆောက် နိုင်ခြင်း မရှိဟု ဦးစီးဌာနက ဆုံးဖြတ်သော ကွန်ရက်အထောက်အကူပြုပစ္စည်းကို မျှဝေသုံးစွဲရန် အတွက် အကြောင်းကြားစာပေးပို့၍ သဘောထားမှတ်ချက်တောင်းခံပြီးနောက် ချိတ်ဆက် အသုံးပြုခြင်း ဆိုင်ရာ သဘော တူညီချက်တစ်ရပ် ကို ညှိနှိုင်းရန် လိုင်စင်ရရှိသူ တစ်ဦးအား ညွှန်ကြားနိုင်သည်။

င) လိုင်စင်ရရှိသူ တစ်ဦး သည် လိုင်စင်ရရှိသူအခြားတစ်ဦးက ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်အား ညှိနှိုင်းရန် စာဖြင့်ရေးသားတောင်းဆိုလာပါက ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) အရ ဦးစီးဌာန ၏ ညွှန်ကြားချက်ရှိမှသာ ဆောင်ရွက်နိုင်သည်။

စ) ပုဒ်မခွဲ (က) မှ (ဃ) အထိ ပြဋ္ဌာန်းချက်များ မည်သို့ပင်ရှိစေကာမူ လိုင်စင်ရရှိသူ မဟုတ်ပါက အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်းကို မည်သူတစ်ဦးတစ်ယောက်မျှ လုပ်ဆောင်ခြင်းမရှိစေရ။

ဆ) ပုဒ်မခွဲ (က) (ခ) နှင့် (ဃ) အရ ဦးစီးဌာနက သတ်မှတ်ထားသည့် လိုင်စင်ရရှိသည့် အခြား သူ များ အပါအဝင် အပြန်အလှန်ဆက်သွယ်ခြင်း နှင့်ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်အား ပုဒ်မခွဲ (က) မှ (စ) အရ ဆွေးနွေးညှိနှိုင်းမည့် မည်သည့်လိုင်စင်ရရှိသူမဆို-

(၁) သဘောရိုးဖြင့် ညှိနှိုင်းဆောင်ရွက်ပြီး အပြန်အလှန်ဆက်သွယ်ခြင်း နှင့် ချိတ်ဆက်အသုံးပြုခြင်း အား မြန်နိုင်သမျှ မြန်မြန် ဆောင်ရွက်ပေးရမည်။

(၂) အပြန်အလှန်ဆက်သွယ်ခြင်း နှင့်ချိတ်ဆက်အသုံးပြုခြင်းအား ဖြည့်ဆည်းဆောင်ရွက်ပေးရာ တွင် နှုန်းထားများ၊ ဝန်ဆောင်မှု အရည်အသွေးနှင့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများ အပါအဝင် သတ်မှတ်ချက် များသည် သာတူညီမျှဖြစ်ပြီး ဘက်လိုက်မှုမရှိစေရ။ သတ်မှတ်ချက်

တိုင်းသည် လိုင်စင်ရရှိသူကိုယ်တိုင်သော်လည်းကောင်း၊ ယင်း၏ အစုစပ်အဖွဲ့ ဝင် များ၊ လက်အောက် ခံ အဖွဲ့ အစည်း အတွက်သော်လည်းကောင်း၊ လိုင်စင်ရရှိသူအခြားတစ်ဦး အတွက် သော် လည်းကောင်း ရေးဆွဲထားသည့် သတ်မှတ်ချက်ထက် အခွင့်အရေး မလျော့ နည်း စေရ ။

(၃) အပြန်အလှန်ဆက်သွယ်သည့် ပမာဏ သည် လိုင်စင်ရရှိသူအခြားတစ်ဦး ၏ လိုင်စင်ပါ ဝန်ဆောင်မှုအရည်အသွေး ဆိုင်ရာ တာဝန်ဝတ္တရား များနှင့် ကိုက်ညီစေမည့် လုံလောက်သည့် အရေအတွက် နှင့် အရည်အသွေး ဖြစ်စေရမည်။

(၄) အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန် နည်းပညာအရ မဖြစ်နိုင်သည့် အခြေအနေမှလွဲ၍ အပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက် (သို့မဟုတ်) ချိတ်ဆက်အသုံးပြုခြင်း ဆိုင်ရာ သဘောတူညီချက် ကို ညှိနှိုင်း ဆောင်ရွက်ရန် ငြင်းဆိုခြင်း မပြုရ။

(၅) အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက် (သို့မဟုတ်) ချိတ်ဆက် အသုံးပြုခြင်း ဆိုင်ရာ သဘောတူညီချက် များကို အပြီးသတ်ညှိနှိုင်းရန်အတွက် အမှန်တကယ် လိုအပ်သည့် သတင်းအချက်အလက်များ ကို အခြားသော လိုင်စင်ရရှိသူများက တောင်းဆို လာပါက ပံ့ပိုး ပေးရမည်။

ဇ) ဦးစီးဌာနသည် ဈေးကွက်ကိုလွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူများအပေါ် သက်ဆိုင်ရာ အခြေအနေများနှင့် သင့်လျော်သည့် ထပ်ဆောင်း တာဝန်ဝတ္တရားများ ကို ပြဌာန်းခွင့်ရှိရမည်။ ပြဌာန်းရာတွင် ကိစ္စရပ် တစ်ခုစီအလိုက် သင့်လျော်မှု နှင့် ယင်း တာဝန်ဝတ္တရားများ ကို အကောင်အထည်ဖော်နိုင်မည့် အချိန်ကာလကို ထည့်သွင်းစဉ်းစားရမည်။

၅။ လိုင်စင်ရရှိသူများ သည် အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ အောက်ဖော်ပြပါ အခြေခံစည်းမျဉ်းများ ကို လိုက်နာရမည်-

က) လိုင်စင်ရရှိသူ၏ ဆက်သွယ်မှုကွန်ရက်အား အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ချိတ်ဆက် အသုံးပြုခြင်း ကို နည်းပညာအရ ဖြစ်နိုင်သော အခြေအနေဖြစ်ပါက ဖြည့်ဆည်းဆောင်ရွက် ပေးရ မည်။

ခ) အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ချိတ်ဆက် အသုံးပြုခြင်း ကို နည်းပညာအရ ဖြစ်နိုင်သော အခြေအနေတွင် ခိုင်လုံသောအကြောင်းပြချက်မရှိပါက ဖြည့်ဆည်းဆောင်ရွက်ရန် ငြင်းဆိုခြင်း မပြုရ သို့ မဟုတ် အပြန်အလှန်ဆက်သွယ်ရန် အတွက် ထပ်ဆောင်းလိုအပ်ချက်များ ကို တောင်းဆိုခြင်းမပြုရ။

ဂ) အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ချိတ်ဆက် အသုံးပြုခြင်းကို အောက်ဖော်ပြပါ နည်းလမ်း များဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးရမည်-

(၁) သဘာဝပထဝီဝင်ကျင်အပေါ် ဆိုးကျိုးသက်ရောက်နိုင်မှု အခြေအနေကို အနည်းဆုံးဖြစ်စေ ရန်။

(၂) ဆက်သွယ်ရေးဝန်ဆောင်မှုများကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ဈေးကွက် ယှဉ်ပြိုင်မှုများ တိုးတက်လာစေရန် ။

ဃ) လိုင်စင်ရရှိသူတစ်ဦးက ခွင့်ပြုချက်ရရှိရန် တင်ပြလျှောက်ထားသည့် အပြန်အလှန် ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီ ချက် (သို့မဟုတ်) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် သည် ဆက်သွယ် ရေး ဥပဒေ၊ အခြားအကျုံးဝင်သော နည်းဥပဒေများ၊ အဆိုပါ လိုင်စင်ရရှိသူနှင့် စပ်လျဉ်း၍ အတည်ပြုထားသည့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ရည်ညွှန်းကမ်းလှမ်းချက် (RIO) ၊ သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်း ဆိုင်ရာ ရည်ညွှန်းကမ်းလှမ်းချက် (RAO)၊ သဘောတူညီချက်တွင် ပါဝင်သူများ၏ လိုင်စင် ပါ စည်းကမ်း သတ်မှတ်ချက်များ အပါအဝင် အခြားသော သက်ဆိုင်သည့် ဥပဒေများနှင့် ကိုက်ညီရမည်။

င) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက်ရယူခြင်းကို အကျိုးသက်ရောက်စေနိုင်သည့် မည်သည့် အထောက်အကူပြု ပစ္စည်းကို မဆို ချိတ်ဆက်အသုံးပြုမည်ဆိုပါက အဆိုပါ ချိတ်ဆက်အသုံးပြုခြင်း ကို သဘောတူညီချက်တွင် ပါဝင်သူများသည် ဈေးကွက်ကိုလွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူများကဲ့သို့ ပုဒ်မ (၂၈) နှင့်အညီ ချိတ်ဆက်ရယူခြင်းဆိုင်ရာ တာဝန်များကို ဖြည့်ဆည်း ဆောင်ရွက်ရမည်။

၆။ အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ နှုန်းထားများသည် အောက်ပါသတ်မှတ်ချက်များ ကိုက်ညီရမည်-

က) နှုန်းထားများသည် ကုန်ကျစရိတ်ကို အခြေခံရမည်ဖြစ်ပြီး ဝန်ဆောင်မှုဆောင်ရွက်ပေးသည့် လိုင်စင်ရရှိသူ၏ ရင်းနှီးမြှုပ်နှံထားရသည့် ကုန်ကျစရိတ်ကို ပြန်လည်ကာမိစေရန် အတွက် နှုန်းထားများကို သတ်မှတ်ရမည်။

ခ) အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာနှုန်းထားများသည် ကုန်ကျစရိတ်ကို အခြေခံထားခြင်း ရှိမရှိ ဆုံးဖြတ်ရာတွင် ဦးစီးဌာနအနေဖြင့် နှိုင်းယှဉ်သတ်မှတ်ခြင်း (Benchmarking) နှင့် ကုန်ကျစရိတ်များအား လေ့လာခြင်း အပါအဝင် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသော နည်းလမ်းများကို အသုံးပြုနိုင်သည်။

ဂ) အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာနှုန်းထား များသည် အပိုင်းအလိုက် တန်ဖိုးသတ်မှတ်ထားရမည် ။ သို့မှသာ အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ဝန်ဆောင်မှုကို လက်ခံရရှိမည့် လိုင်စင်ရရှိသူသည် ၎င်း အတွက် လိုအပ်သည့် ကွန်ရက်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက်သာ အခကြေးငွေပေးချေရန် လိုအပ်မည်။

ဃ) အပြန်အလှန်ဆက်သွယ်ခြင်းအတွက် ကျသင့်သည့် ကုန်ကျစရိတ်များ ကို အပြန်အလှန်ဆက်သွယ်ခြင်း ပြုလုပ်မည့် လိုင်စင်ရရှိသူများမှ ညီတူညီမျှ ကျခံရမည်။

င) နှုန်းထားများသည် ပွင့်လင်းမြင်သာမှုရှိရမည်။

စ) ဦးစီးဌာန သည် ကုန်ကျစရိတ်အားအခြေခံသည့် နှုန်းထားများဖြစ်ကြောင်း သေချာစေရန် အတွက် စိစစ်သုံးစပ်မှုကို (၄) နှစ်တစ်ကြိမ် ထက်မနည်းစေရဘဲ ပုံမှန် ပြုလုပ်ရမည်။

၇။ ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ နှုန်းထားများသည် အောက်ပါသတ်မှတ်ချက်များ ကိုက်ညီရမည်-

က) ဤနည်းဥပဒေ ပုဒ်မ(၇) (ဂ) နှင့်အညီ ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီ ချက်အား ညှိနှိုင်းဆွေးနွေးပြီးသောအခါ နှုန်းထားများအားဆုံးဖြတ်ရာတွင် သင့်လျော်မှုတသည့် အခြား နည်းလမ်းတစ်ခုကို ဦးစီးဌာနက အတည်ပြုခြင်း မရှိသရွေ့ ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ဝန်ဆောင်မှု များအတွက် နှုန်းထားများသည် ကုန်ကျစရိတ်အပေါ်တွင် အခြေ ခံ၍ တွက်ချက်ရမည်။

ခ) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာနှုန်းထား များကို အပိုင်းအလိုက် တန်ဖိုးသတ်မှတ်ထားရမည်။ သို့မှသာ ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ဝန်ဆောင်မှုကို လက်ခံရရှိမည့် လိုင်စင်ရရှိသူ သည် လိုအပ်သည့် ကွန်ရက် ပစ္စည်းများနှင့် ဝန်ဆောင်မှုအတွက်သာ အခကြေးငွေကို ပေးချေရမည်။

ဂ) ဤနည်းဥပဒေ ပုဒ်မ(၇) (ဃ) နှင့်အညီ ညှိနှိုင်းထားသော ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်များ လွဲ ၍ချိတ်ဆက်အသုံးပြုခြင်းအတွက် ကျသင့်သည့် ကုန်ကျစရိတ်များကို ယင်း ချိတ်ဆက် အသုံးပြုခြင်း အား ရယူရန်လိုအပ်သည့် လိုင်စင်ရရှိသူမှ ကျခံရမည်။

ဃ) ဤနည်းဥပဒေ ပုဒ်မ(၇) (ဃ) နှင့်အညီ ညှိနှိုင်းထားသော ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်များ အရ ချိတ်ဆက်အသုံးပြုခြင်းကို တည်ထောင်ခြင်းအတွက် ကျသင့်သည့် ကုန်ကျစရိတ်များကို ယင်း ချိတ်ဆက် အသုံးပြုခြင်း အား ရယူရန်လိုအပ်သည့် လိုင်စင်ရရှိသူများက ညီတူညီမျှ ကျခံရမည်။

င) နှုန်းထားများသည် ပွင့်လင်းမြင်သာမှုရှိရမည်။

စ) ဦးစီးဌာနသည် ဤနည်းဥပဒေ ပုဒ်မ (၇) (ဂ) နှင့် (၇) (ဃ) နှင့် အညီ သဘောတူထားသော ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်ပါ နှုန်းထားများသည် အကျိုးဝင်သော စည်းမျဉ်း စည်းကမ်း များ နှင့် ကိုက်ညီကြောင်း သေချာစေရန် အတွက် စိစစ် သုံးသပ်မှုကို (၄) နှစ်တစ်ကြိမ် ထက်မနည်းစေရဘဲ ပုံမှန် ပြုလုပ်ရမည်။

၈။ လျှို့ဝှက်ရမည့် သတင်းအချက်အလက်များအား အောက်ပါ သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရမည်-

က) ဦးစီးဌာနသည် လိုင်စင်ရရှိသူတစ်ဦးဦး၏ စီးပွားရေးအရ ထိခိုက်လွယ်သော အချက်အလက်များကို လျှို့ဝှက်ထားရှိရန် အလေးဂရုပြု ၍ ထိုက်သင့်သော လုပ်ဆောင်မှုများကို ဆောင်ရွက်ရမည်။

ခ) အထက်ပါ ပုဒ်မခွဲ (က) တွင် ဖော်ပြခဲ့သော ပြဌာန်းချက်များသည် ဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲပိုင်ခွင့် နှင့် စောင့်ကြပ်ကြည့်ရှုပိုင်ခွင့် ကို အဟန့် အတား မဖြစ်စေရ။

ဂ) လိုင်စင်ရရှိသူသည် -

(၁) လက်ခံရရှိထားသော၊ ပေးပို့ထားသော သို့မဟုတ် သိမ်းဆည်းထားသော အချက်အလက်များကို အပြန်အလှန်ဆက်သွယ်ခြင်း (သို့မဟုတ်) ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် အတွက် ဆွေးနွေးညှိနှိုင်းမှုများ မပြုလုပ်မီ၊ ပြုလုပ် ဆဲ နှင့် ပြုလုပ်ပြီး သည် အထိ လေးစားလိုက်နာမှုရှိပြီး လျှို့ဝှက်ထိန်းသိမ်း ထားရမည်။

(၂) လိုင်စင်ရရှိသူ အခြား တစ်ဦးက ပေးပို့ထားသည့် အချက်အလက် များ ကို ယင်းအချက်အလက်များအား သုံးစွဲရန် ရည်ရွယ်ပေးပို့ထားသည့် ကိစ္စရပ်များ အတွက်သာ အသုံးပြုရမည်။

(၃) လိုင်စင်ရရှိသူ အခြား တစ်ဦးထံမှ ရရှိသည့် သတင်းအချက်အလက်များကို အခြား လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ အထူးသဖြင့် အဆိုပါ အချက်အလက်များကို သုံးစွဲခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုတွင် အခွင့်သာစေနိုင်မည့် လိုင်စင်ရရှိသူ ၏ အခြားသောဌာနများ၊ အစုစပ်အဖွဲ့ ဝင် (affiliate) များ၊ လက်အောက်ခံအဖွဲ့များ သို့မဟုတ် ပူးပေါင်း ဆောင်ရွက်ကြ သူများ ထံသို့ ပေးပို့ ခြင်း မပြုရ။

## အခန်း (၃)

## အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ

## ညှိနှိုင်းမှု များ နှင့် သဘောတူညီချက်များ

၉။ အပြန်အလှန်ဆက်သွယ်ခြင်း နှင့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ ညှိနှိုင်းမှုများကို အောက်ပါ သတ်မှတ်ချက်များ နှင့် အညီ ဆောင်ရွက်ရမည်-

က) ဤနည်းဥပဒေ ပုဒ်မ (၇) (က) နှင့် (၇) (ဂ) တို့အရ အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက်အတွက် ညှိနှိုင်းဆွေးနွေးရန် ညွှန်ကြားခြင်းခံရသည့်

လိုင်စင်ရရှိသူသည် လိုင်စင်ရရှိသူ အခြား တစ်ဦးနှင့် ညှိနှိုင်းဆွေးနွေးမှုကို ညွှန်ကြားချက်ရရှိပြီး (၇) ရက်အတွင်း ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် အောက်ပါအချက် များ ကို စာဖြင့် ရေးသား ဖော်ပြရမည်-

(၁) လိုင်စင်ရရှိသူနှင့်စပ်လျဉ်း၍ ခွင့်ပြုထားသော အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ရည်ညွှန်း ကမ်းလှမ်းချက် (RIO) သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်း ဆိုင်ရာ ရည်ညွှန်းကမ်းလှမ်းချက် (RAO) မိတ္တူ။

(၂) RIO နှင့် RAO တို့ မရရှိနိုင်ပါက နှုန်းထားများ နှင့် စည်းကမ်းချက် များ ပါဝင်သော အပြန်အလှန် ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်း နှင့် သက်ဆိုင်သည့် ဝန်ဆောင်မှု ဆိုင်ရာ ဖော်ပြချက်။

ခ) လိုင်စင်ရရှိသူသည် ပုဒ်မ (၇) (ခ) နှင့် အညီ အပြန်အလှန်ဆက်သွယ်ခြင်း ဆိုင်ရာ သဘောတူညီချက်ကို ညှိနှိုင်း ဆောင်ရွက်ရန် တောင်းဆိုချက်ရရှိပါက (၇) ရက် အတွင်း တောင်းဆိုသူ ထံသို့ အကြောင်းပြန်ကြားချက် ပေးပို့ရမည်။ ထိုအကြောင်းပြန်ချက်တွင် ပုဒ်မ (၁၃) (က) နှင့် (ခ) တို့တွင် ပြဌာန်းထားသည့် အချက်အလက်များ ပါဝင်ရမည်ဖြစ်ပြီး ဦးစီးဌာနသို့ မိတ္တူပေးပို့ရမည်။

ဂ) လိုင်စင်ရရှိသူများသည် အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်း ဆိုင်ရာ သဘောတူညီမှု တစ်ခုကို ရရှိရန် သဘောရိုး ဖြင့် ညှိနှိုင်းရမည်။

ဃ) အကယ်၍ ပုဒ်မ (၇) (က) နှင့် (ဂ) အရ အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်း ဆိုင်ရာ သဘောတူညီမှုအား ညှိနှိုင်းဆွေးနွေးရန် ညွှန်ကြားချက်ရရှိပြီး ရက်ပေါင်း (၉၀) အတွင်း လိုင်စင်ရရှိသူများ အကြား သဘောတူညီမှု မရရှိပါ က အခန်း (၆) ပါ ပြဌာန်းချက်များနှင့် အညီ ဤကိစ္စရပ်ကို လိုင်စင်ရရှိသူ တစ်ဦးဦး မှ သော်လည်းကောင်း ၊ နှစ်ဦးစလုံးမှ သော်လည်းကောင်း ဦးစီးဌာန သို့ ဖြေရှင်းပေးရန် တင်ပြရမည်။

င) အကယ်၍ ပုဒ်မ (၇) (ခ) အရ အပြန်အလှန်ဆက်သွယ်ခြင်း ဆိုင်ရာ သဘောတူညီမှုအား ညှိနှိုင်းဆွေးနွေးရန် တောင်းဆိုချက်ရရှိပြီး ရက်ပေါင်း (၉၀) အတွင်း လိုင်စင်ရရှိသူများ အကြား သဘောတူညီမှု မရရှိပါက အခန်း (၆) ပါ ပြဌာန်းချက်များနှင့်အညီ ဤကိစ္စရပ်ကို တောင်းဆိုသည့် လိုင်စင်ရရှိသူက ဦးစီးဌာနသို့ ဖြေရှင်းပေးရန် တင်ပြနိုင်သည်။

၁၀။ အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်း ဆိုင်ရာ သဘောတူညီချက်ပုံစံမှာအောက်ပါအတိုင်းဖြစ်သည်။

က) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်း ဆိုင်ရာ သဘောတူညီချက်တွင် အောက်ပါအချက်များ ပါဝင်ရမည်-

(၁) သဘောတူညီချက် စတင်အကျိုးသက်ရောက်သည့် နေ့စွဲ၊ သက်တမ်း နှင့် ယင်းအား ပြင်ဆင် ပြောင်းလဲခြင်း ၊ ပယ်ဖျက်ခြင်း ၊ ယာယီရပ်ဆိုင်းခြင်း နှင့် သက်တမ်းတိုးခြင်း ဆိုင်ရာ စီမံ ဆောင်ရွက်ချက်များ

(၂) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ စီမံ ဆောင်ရွက်ချက် များနှင့် နောက်ဆက်တွဲဆက်လက်တည်ဆောက်မည့် စီမံချက်များ၊ အပြန်အလှန် ဆက်သွယ် ခြင်း အတွက် နည်းပညာ ဆိုင်ရာ စံချိန်စံညွှန်းများ၊ ကွန်ရက်တစ်ခုချင်းစီ ၏ အာမခံထားသည့် ဝန်ဆောင်မှုအရည်အသွေး၊ ဝန်ဆောင်မှု အရည်အသွေး အား စောင့်ကြပ်ကြည့်ရှုရေး အတွက် ပူးပေါင်းဆောင်ရွက်မည့် သတ်မှတ်ချက်များ ၊ ချို့ယွင်း ချက် များ နှင့် ဖြေရှင်းချက်များ

(၃) သဘောတူညီချက်တွင် ပါဝင်သူ တစ်ဦးစီက ဖြည့်ဆည်းပေးသည့် ဝန်ဆောင်မှု နှင့် စပ်လျဉ်း သည့် ဖော်ပြချက်များ

(၄) အပြန်အလှန်ဆက်သွယ်မည့် သို့မဟုတ် ချိတ်ဆက်အသုံးပြုမည့် အမှတ် (point) များ၏ တည်နေရာ

(၅) ကွန်ရက်အချင်းချင်းကြားလုပ်ငန်းဆောင်ရွက်မှုများအား စမ်းသပ်သည့်အတိုင်း အတာများ

(၆) မူပိုင်ခွင့်ဆိုင်ရာ ဆောင်ရွက်မှုများ

(၇) နှစ်ဖက်အဖွဲ့အစည်းမှ သက်ဆိုင်ရာကျွမ်းကျင်သည့်နယ်ပယ်အလိုက် လုပ်ပိုင်ခွင့်ပေး ထား သော ကိုယ်စားလှယ်များ ၏ ဆက်သွယ်ရန် အချက်အလက်များ နှင့် အကြောင်း ကြားရမည့် လုပ်ထုံးလုပ်နည်းများ။

(၈) လုပ်ငန်းဆောင်ရွက်ရေးနှင့် ပြုပြင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

(၉) သဘောတူထားသော ဝန်ဆောင်မှုအရည်အသွေးကို ပြည့်မှီအောင်ဆောင်ရွက်ရန် တစ်ဖက် ဖက်မှ ပျက်ကွက် ခြင်း အပေါ် လျော်ကြေးပေးရန် စည်းမျဉ်းများ

(၁၀) တစ်ဖက်ဖက်၏ ကွန်ရက် သို့မဟုတ် ဝန်ဆောင်မှုအတွက် အဆိုပြုထားသည့် ပြောင်းလဲမှုများ ပြုလုပ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ

(၁၁) ဝန်ဆောင်မှု နှုန်းထားများ သတ်မှတ်ခြင်း၊ ဘီလ်တောင်းခံလွှာထုတ်ဆင့်ခြင်း နှင့် ငွေစာရင်း ရှင်းလင်းခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အတွက် စီမံဆောင်ရွက်ချက်များ

(၁၂) လျှို့ ပုက်ကိစ္စရပ်များ

ခ) အထက်ဖော်ပြပါအချက်များအပြင် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် အောက်ပါ အချက်များ ပါဝင်ရမည် -

(၁) ဆောင်ရွက်နိုင်သည့် အခြေအနေများတွင် သာတူညီမျှ ချိတ်ဆက်အသုံးပြုခြင်း နှင့် နံပါတ် များ ဆက်လက်သယ်ယူသုံးစွဲနိုင်ခြင်း (Number Portability) တို့ အတွက် စီမံ ဆောင်ရွက် ချက်များ

(၂) အရေးပေါ် ဖုန်းနံပါတ်များ၊ အခမဲ့ ဖုန်းနံပါတ်များနှင့် အဝေးပြော အခမဲ့ ဖုန်းနံပါတ်များ၊ တယ်လီဖုန်း လမ်းညွှန် နှင့် ဆောင်ရွက်နိုင်သည့် အခြေအနေများတွင် SMS termination ဝန်ဆောင်မှု အပါအဝင် အခြေခံဝန်ဆောင်မှုများ နှင့် ဦးစီးဌာနမှ သတ်မှတ်ပေးသော အခြားသော ဝန်ဆောင်မှု များ ကို ရရှိသုံးစွဲခွင့်

(၃) ဆောင်ရွက်နိုင်သည့်အခြေအနေများတွင် အထူးနှုန်းထားဖြင့်ဝန်ဆောင်မှုများ (premium rate services) အပါအဝင် အထူးချိတ်ဆက်ဝန်ဆောင်မှုများ (special access services) အား ရရှိသုံးစွဲခွင့်

(၄) ဆက်သွယ်မှုပမာဏ (traffic) များကို တိုင်းတာသည့် စီမံဆောင်ရွက်ချက်များ

၁၁။ ဦးစီးဌာန၏ အတည်ပြုချက်ရှိရှိရန် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) လိုင်စင်ရရှိသူများသည် အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်း ဆိုင်ရာ သဘောတူညီချက်အား အပြီးသတ် သဘောတူညီပြီးသည် နှင့် (၃) ရက်အတွင်း အဆိုပြုသဘောတူညီ ချက် ကို ဦးစီးဌာန သို့ အတည်ပြုချက်ရရှိရန် တင်ပြရမည်။

(ခ) ဦးစီးဌာန သည် အဆိုပြုသဘောတူညီချက်တွင် ပါဝင်သော စည်းကမ်းချက်များနှင့် နှုန်းထားများ အပေါ် သုံးသပ်စစ်ဆေးမှုများ ထပ်မံပြုလုပ်ရန် လိုအပ်သည်ဟု ယူဆပါက လိုင်စင်ရရှိသူများထံမှ အချက်အလက် များကို ထပ်မံတောင်းဆိုနိုင်သည်။

(ဂ) ဦးစီးဌာန သည် အဆိုပြု သဘောတူ ညီချက် အား အောက်ပါ အချက်များနှင့် ကိုက်ညီပါက အတည်ပြုရမည်-

(၁) ဆက်သွယ်ရေး ဥပဒေ၊ အခြားအကျုံးဝင်သောစည်းမျဉ်းစည်းကမ်းများ၊ သက်ဆိုင်ပါက အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ရည်ညွှန်း ကမ်းလှမ်းချက် သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်း ဆိုင်ရာ ရည်ညွှန်းကမ်းလှမ်းချက်၊ လိုင်စင်ရရှိသူများ၏ လိုင်စင်ပါ စည်းကမ်းချက်များနှင့် အခြား သက်ဆိုင်သည့် ဥပဒေများနှင့် ကိုက်ညီလျှင်။

(၂) ကျိုးကြောင်းဆီလျော်မှုမရှိပဲ ဘက်လိုက်ခြင်း သို့မဟုတ် သုံးစွဲသူများ၏ အကျိုးစီးပွားနှင့် ဆန့် ကျင် ခြင်း မရှိလျှင်

(ဃ) ဦးစီးဌာနသည် အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူ ညီချက် အား ဆက်သွယ်ရေး ဥပဒေ၊ အခြားအကျုံးဝင်သောစည်းမျဉ်းစည်းကမ်းများ၊ သက်ဆိုင်ပါက အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ ရည်ညွှန်း ကမ်းလှမ်းချက် သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်း ဆိုင်ရာ ရည်ညွှန်းကမ်းလှမ်းချက်၊ လိုင်စင်ရရှိသူများ၏ လိုင်စင်ပါ စည်းကမ်းချက်များ နှင့် အခြား သက်ဆိုင်သည့် ဥပဒေများနှင့် သွေဖယ်သည် ဟု ယူဆပါက ယင်းသဘောတူညီချက်ကို ဖော်ပြပါ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများ နှင့်ကိုက်ညီမှု ရှိစေရေးအတွက် ပြင်ဆင်ရန် သဘောတူညီချက်တွင် ပါဝင်သူများအား ညွှန်ကြား နိုင်သည်။ ဤသို့သော ကိစ္စရပ်များ၌ ဦးစီးဌာနသည် အဆိုပြုထားသည့် အပြန်အလှန် ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူ ညီချက် သို့မဟုတ် ယင်းနှင့် သက်ဆိုင်သည့် အစိတ်အပိုင်းများကို သဘောတူသည်ဟု သတ်မှတ်ခြင်း မရှိကြောင်း သဘောတူညီတွင် ပါဝင်သူ များအား အသိပေးအကြောင်းကြားရမည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ပါဝင်သူများအား ဦးစီးဌာန၏ ဆုံးဖြတ်ချက် အပေါ် ထင်မြင်ချက်ပေးရန်အတွက် ခွင့်ပြုခြင်းဖြစ်သည်။ ထိုထင်မြင်ချက်များအား ထည့်သွင်း စဉ်းစားပြီး သည့်တိုင် သဘောတူညီချက်အား ငြင်းပယ်သင့်သည် သို့မဟုတ် ပြင်ဆင်သင့်သည် ဟု ဦးစီးဌာနမှ ထင်မြင်ယူဆပါက သဘောတူညီချက်တွင် ပါဝင်သူများသည် ညှိနှိုင်းဆောင်ရွက်ပြီး ပြင်ဆင်ထားသည့် အဆိုပြုသဘောတူညီချက် ကို ဦးစီးဌာနထံ သတ်မှတ် ထားသည့် အချိန်ကာလအတွင်း ပြန်လည် တင်ပြရမည်။

(င) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူ ညီချက် သည် ဦးစီးဌာန၏ အတည်ပြုချက် တစ်စုံတစ်ရာ မရှိမချင်း အကျိုးသက်ရောက်ခြင်း မရှိစေရ။

၁၂။ သဘောတူညီချက်များအား ထုတ်ပြန်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြောင်းလဲခြင်း တို့ ကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူ ညီချက် တွင် ပါဝင်သူများသည် ဦးစီးဌာနက လျှို့ဝှက်ရမည့် အကြောင်းအရာအဖြစ် သတ်မှတ်ထားခြင်း မရှိသော

အတည်ပြုပြီး သည့် သဘောတူညီချက်၏ အစိတ်အပိုင်းအားလုံးကို ပြည်သူလူထုမှ တောင်းဆိုပါက ဖော်ပြရ နိုင်ရန် ဆောင်ရွက်ထားရမည်။

(ခ) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူ ညီချက် တွင် ပါဝင်သူများသည် ဦးစီးဌာနက အတည်ပြုပြီးသည့် သဘောတူညီချက်အား ပြင်ဆင်ရန် သို့မဟုတ် ပြောင်းလဲရန် အဆိုပြုလိုပါက အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(၁) ပြင်ဆင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်လိုသည့် နေ့ မတိုင်မီ သဘော တူညီချက်တွင် ပါဝင်သူများသို့ ရက်ပေါင်း (၃၀) ကြိုတင် ၍ စာဖြင့် အကြောင်းကြားခြင်း

(၂) အဆိုပြုထားသည့် ပြင်ဆင်ချက် သို့မဟုတ် ပြောင်းလဲချက် များကို ဦးစီးဌာနသို့ မိတ္တူတစ်စုံ ပေးပို့ ခြင်း

(ဂ) အတည်ပြုပြီးသော အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူ ညီချက်အား ဦးစီးဌာန၏ အတည်ပြုချက်မရပဲ ပြင်ဆင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း မပြုလုပ်ရ။

၁၃။ သဘောတူညီချက်အား ယာယီရပ်ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့ ကို အောက်ပါအချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူ ညီချက် အား ဦးစီးဌာန၏ အတည်ပြုချက်မရပဲ ယာယီရပ်ဆိုင်းခြင်း မပြုရ။

(ခ) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူ ညီချက် တွင် ပါဝင်သူတစ်ဦးတစ်ယောက်သည် သဘောတူညီချက်အား ယာယီရပ်ဆိုင်းလိုပါက သဘောတူညီချက် တွင် ပါဝင်သော အခြား သူများ နှင့် ဦးစီးဌာန တို့ထံ တိုတောင်းသော အချိန်ကာလအတွင် အကြောင်းကြားစာ ပေးပို့ရန် လိုအပ်သည့် အခြေအနေမျိုး မဟုတ်ပါက အနည်းဆုံး (၁၅) ရက် ကြို တင်၍ အကြောင်း ကြား စာ ပေးပို့ရ မည်။

(ဂ) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူ ညီချက် တွင် အောက်ပါ အခြေအနေများတွင် သဘောတူညီချက် သို့ မဟုတ် ယင်း၏ အစိတ်အပိုင်း ကို ယာယီရပ်ဆိုင်း နိုင်ကြောင်း ဖော်ပြချက် များ ပါရှိရမည် -

(၁) သဘောတူညီမှု စာချုပ်တွင် ပါဝင်သူတစ်ဦး၏ အပြန်အလှန် ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက်အသုံးပြုခြင်း ဆိုင်ရာ တာဝန်ဝတ္တရားများကို အား နောက်ယုက်သည့် သို့ မဟုတ် တရားမဝင်သည့် အပြုအမူဆောင်ရွက်ချက်များ

(၂) ကျန်းမာရေး သို့မဟုတ် လုံခြုံရေးဆိုင်ရာ ပြဿနာများ

(၃) လိုင်စင်ရရှိသူ၏ ကွန်ရက် တည်တံ့ခိုင်မြဲမှု သို့ မဟုတ် လုံခြုံမှု ၊ ဝန်ဆောင်မှု လုပ်ငန်း စသည် တို့ကို ကျိုးကြောင်းဆီလျော်မှုမရှိသော ပြဿနာများ ဖြစ်ပေါ်စေ နိုင်မည့် အခြေအနေ များ

(၄) ပြည်ထောင်စု အစိုးရက ပြည်သူလူထု၏ အကျိုးစီးပွားအတွက် သဘောတူညီချက်ကို ယာယီရပ်ဆိုင်းရန် လိုအပ် သည်ဟု ဆုံးဖြတ် ချက်

(ဃ) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူ ညီချက် အား ဦးစီးဌာန၏ အတည်ပြုချက်မရပဲ ပယ်ဖျက်ခြင်း မပြုရ။

(င) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူ ညီချက် တွင် ပါဝင်သူတစ်ဦးတစ်ယောက်သည် သဘောတူညီချက် တစ်ခု လုံး (သို့ မဟုတ် ) တစိတ်တပိုင်း အား ပယ်ဖျက်လိုပါက သဘောတူညီချက်တွင် ပါဝင်သော အခြားသူများ နှင့် ဦးစီးဌာနတို့ထံ ပယ်ဖျက်ခြင်းအား မဆောင်ရွက်မီ အနည်းဆုံး ရက်ပေါင်း (၃၀) ကြို တင်၍ အကြောင်း ကြား စာ ပေးပို့ရ မည်။

(စ) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်းဆိုင်ရာ သဘောတူညီချက် အား ယာယီရပ်ဆိုင်းရန် သို့ မဟုတ် ပယ်ဖျက် ရန်အတွက် မည်သို့ပင်အခွင့်အရေးပေးထားစေကာမူ ဦးစီးဌာန သည် သဘောတူညီချက်အား ယာယီရပ်ဆိုင်းရန် သို့ မဟုတ် ပယ်ဖျက်ရန် နှင့် ယာယီရပ်ဆိုင်းခြင်း သို့ မဟုတ် ပယ်ဖျက်ခြင်း တို့ အတွက် ကျိုးကြောင်းဆီလျော်သော စည်းကမ်းချက်များကို ပြဋ္ဌာန်းရန် သို့ မဟုတ် သဘော တူညီချက်တွင် ပါဝင်သူ တစ်ဦးဦးအား အဆိုပါစည်းကမ်းချက်များကို သတ်မှတ်စေရန်၊ ဦးစီးဌာနက သင့်လျော်သည်ဟု ယူဆသော အခြေအနေများတွင် သဘောတူညီချက်အား ယာယီရပ်ဆိုင်းခြင်း သို့ မဟုတ် ပယ်ဖျက်ခြင်း၊ ပြောင်းလဲခြင်း သို့ မဟုတ် အစားထိုးခြင်းများအား ဆိုင်းငံ့ခြင်း တို့ ကို ဆောင်ရွက်ခွင့် ရှိသည်။

၁၄။ သဘောတူညီချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း ဆောင်ရွက် ရမည်-

(က) အပြန်အလှန်ဆက်သွယ်ခြင်း သို့မဟုတ် ချိတ်ဆက် အသုံးပြုခြင်း ဆိုင်ရာ သဘောတူညီချက် တိုင်းသည် သဘောတူညီချက်တွင် ပါဝင်သူများအကြား အကျိုးသက်ရောက်မှု ရှိသည့် ဝန်ဆောင်မှု ဖြည့်ဆည်းပေးခြင်း ဆိုင်ရာ စီမံဆောင်ရွက်မှုများ ကို ရက်ပေါင်း (၃၀) အတွင်း ပြဋ္ဌာန်းရမည်။

(ခ) သဘောတူညီချက်တွင် ပါဝင်သူသည် သက်ဆိုင်ရာ သဘောတူညီချက် ကို ရရှိပြီး ရက် ပေါင်း (၃၀) အတွင်း လုပ်ငန်းစဉ်လည်ပတ်နိုင်ရန် ထိုက်သင့်သော ကြိုးပမ်းအားထုတ်မှုဖြင့် ဆောင်ရွက်သော်လည်း မပြီးစီးသဖြင့် ရက်တိုးမြှင့်ပေးရန် အထောက်အထားအခိုင်အလုံဖြင့် ဦးစီးဌာနသို့ စာဖြင့် ရေးသား တင်ပြ လာပါက ဦးစီးဌာနအနေဖြင့် မူလသတ်မှတ်ထားသည့် အချိန်ကာလကို တိုးမြှင့် သတ်မှတ်ပေး နိုင်သည်။ ထိုသို့ တင်ပြရာတွင် သဘောတူညီချက် တွင် ပါဝင်သူသည် လုပ်ငန်းလည်ပတ် စေရန် အတွက် လက်တွေ့ ကျသော နည်းလမ်းများ အားလုံးကို အသုံးပြုပြီး ဖြစ်ကြောင်း သက်ဆိုင်ရာ အထောက်အထားများ ဖြင့် မူလ သတ်မှတ်ထားသည့် ရက်ပေါင်း (၃၀) အတွင်း လျှောက်ထားရမည်။

(ဂ) ပုဒ်မ (၁၇) (ခ) အရ ဦးစီးဌာနက တိုးမြှင့်သတ်မှတ်ပေးမည့် အချိန်ကာလ သည် ရက်ပေါင်း (၉၀) ထက် မပိုစေရ။

## အခန်း (၄)

## အပြန်အလှန်ဆယ်သွယ်ခြင်း ရည်ညွှန်းကမ်းလှမ်းချက်

၁၅။ ဈေးကွက်အားလွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူများအတွက် RIO ဆိုင်ရာ တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဦးစီးဌာနသည် ဈေးကွက်အားလွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူထံ အပြန်အလှန်ဆက်သွယ်ခြင်း ရည်ညွှန်း ကမ်းလှမ်းချက် RIO အား ဦးစီးဌာန ၏ အတည်ပြုချက်ရရှိနိုင်ရေးအတွက် ရေးဆွဲတင်ပြရန် စာဖြင့် ညွှန်ကြားနိုင်သည်။ အဆိုပါ ရည်ညွှန်း ကမ်းလှမ်းချက် RIO သည် ဤနည်းဥပဒေ၏ အခန်း (၂) နှင့် အခန်း (၃) တို့တွင် မှတ်ထားသည့် အပြန်အလှန် ဆက်သွယ်ခြင်း ဆိုင်ရာ သဘောတူညီချက်ဆိုင်ရာ မူများ အား လိုက်နာပြီး ပေါင်းစပ်ထည့်သွင်းထားရမည်။

(ခ) ဦးစီးဌာနသည် အပြန်အလှန်ဆက်သွယ်ခြင်း ရည်ညွှန်းကမ်းလှမ်းချက်ကို ရေးဆွဲပြင်ဆင်ရမည့် ဈေးကွက်အားလွှမ်းမိုး နိုင်သော လိုင်စင်ရရှိသူ မည်သူမဆို အသုံးပြုရမည့် ရည်ညွှန်း ကမ်းလှမ်းချက်အတွက် လမ်းညွှန်ချက် များနှင့် နမူနာပုံစံများကို ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်၍ ထုတ်ပြန်နိုင်သည်။

(ဂ) ဤနည်းဥပဒေအရ RIO ကိုရေးဆွဲပြင်ဆင်ပေးရမည့် ဈေးကွက်အားလွှမ်းမိုးနိုင်သော လိုင်စင် ရရှိသူ သည် အသိပေးအကြောင်းကြားစာရရှိပြီး ရက်ပေါင်း (၆၀) အတွင်း နှင့် ဦးစီးဌာနက အခါ အားလျော်စွာ သတ်မှတ်သည့် အချိန်ကာလအတွင်း ဦးစီးဌာနသို့ အတည်ပြုချက်ရရှိရန် တင်ပြ ရမည်။

(ဃ) ဦးစီးဌာနအနေဖြင့် RIO ပါ စည်းကမ်းချက်များသည် ဤ နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာမူများ၊ ဆက်သွယ်ရေးဥပဒေ၊ အခြားအကျိုးဝင်သော စည်းမျဉ်း စည်းကမ်း များ၊ ဈေးကွက်အား လွှမ်း မိုး နိုင်သော လိုင်စင်ရရှိသူ၏ လိုင်စင် သို့ မဟုတ် အခြား တည်ဆဲဥပဒေများ နှင့် ကိုက်ညီခြင်းမရှိဟု ယူဆပါက ဈေးကွက်ကိုလွှမ်းမိုးနိုင်သော လိုင်စင် ရရှိသူအား RIO ပါ စည်းကမ်းချက်များ ကို ပြင်ဆင်ရန် ညွှန်ကြားနိုင်သည်။

(င) ဈေးကွက်အားလွှမ်းမိုးနိုင်သောလိုင်စင်ရရှိသူ သည် အတည်ပြုထားသော RIO တစ်ခုအား ပြင်ဆင် ပြောင်းလဲလိုပါက ခိုင်လုံသော အကြောင်းပြချက်နှင့်တကွ အဆိုပြုသည့် ပြောင်းလဲချက်အား ဦးစီးဌာနထံ ရေးသားတင်ပြရမည်။

(စ) ဦးစီးဌာနသည် အဆိုပြုထားသည့် RIO သို့မဟုတ် RIO ပြင်ဆင်ပြောင်းလဲချက်များအား အတည်ပြုသင့် မသင့် ဆုံးဖြတ်ချက်ချမှတ်ရန် အတွက် ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ စိတ်ပါဝင်စားသူများ၏ အမြင်ကို ဖိတ်ခေါ်ခြင်း စသည် တို့ အပါအဝင် လိုအပ်သည်ဟု ယူဆသည့် မည်သည့်လုပ်ဆောင်ချက်ကို မဆို ကျင့်သုံးနိုင်သည်။ ဦးစီးဌာနအနေဖြင့် ဆုံးဖြတ်ချက်ကို မြန်ဆန်ထိရောက်စွာ ချမှတ်ရမည်။

(ဆ) ပြင်ဆင်ပြောင်းလဲထားသော RIO တစ်ခုအား ဦးစီးဌာနက အတည်ပြုခြင်း မရှိသ၍ လက်ရှိ အတည်ပြုထားသော RIO ကသာ အကျိုးသက်ရောက်မှုရှိသည်။

(ဇ) ဈေးကွက်ကိုလွှမ်းမိုးနိုင်သောလိုင်စင်ရရှိသူသည် RIO သို့မဟုတ် RIO ပြင်ဆင်ပြောင်းလဲချက်အား အတည်ပြုပြီး (၇) ရက်အတွင်း အောက်ပါနည်းလမ်းများဖြင့် ထုတ်ပြန်ပေးရမည်-

(၁) RIO အား ၎င်း၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြခြင်း နှင့်
(၂) လိုင်စင်ရရှိသော အခြားသူများက တောင်းဆိုပါက RIO အား ပုံနှိပ်၍သော်လည်း ကောင်း၊ အီလက်ထရောနစ်ပုံစံဖြင့်သော်လည်းကောင်း လည်းကောင်း ရရှိစေရန် ဆောင် ရွက်ခြင်း

၁၆။ RIO တွင် အောက်ပါ အကြောင်းအရာများ ပါဝင်ရမည်-

က) RIO ကို သဘောတူညီချက်အား ညှိနှိုင်းမှုများ ပံ့ပိုးနိုင်ရေးအတွက် တတ်နိုင်သမျှ အသေးစိတ် ဖော်ပြရဖြစ်ပြီး အနည်းဆုံးအနေဖြင့် ပုဒ်မ (၁၃) တွင် သတ်မှတ်ဖော်ပြထားသည့် စည်းကမ်းချက်များ အားလုံး ပါဝင်ရမည့် အပြင် လိုင်စင် ရရှိသူ အခြား တစ်ဦး ဦး က တောင်းဆိုလာပါက အောက်ပါတို့ နှင့် အကျိုးဝင်သည့် အချက်များ ပါဝင်ရမည်။

(၁) ဆက်သွယ်မှုလမ်းကြောင်းများအတွက်ဂန်ဆောင်မှုများ (ခေါ်ဆိုခြင်း၊ခေါ်ဆိုမှုအား အဆုံးသတ်ခြင်း နှင့် ခေါ်ဆိုမှုစတင်ခြင်း)

(၂) အပြန်အလှန်ဆက်သွယ်ခြင်း ဆိုင်ရာ ဆက်ကြောင်းများ

(၃) ပြည်တွင်းနှင့် နိုင်ငံတကာအထွက် ခေါ်ဆိုမှု ချိတ်ဆက်ကူးပြောင်းခြင်း

(၄) နောက်ဆက်တွဲ ဂန်ဆောင်မှုလုပ်ငန်း များ နှင့် အကောင်အထည်ဖော်မည့် စီမံ ဆောင်ရွက် မှုများ

(၅) နေရာအတူတကွသုံးစွဲရန်အတွက် အပြန်အလှန်ဆက်သွယ်မည့် နေရာများနှင့် ချိတ်ဆက်မှု ဆိုင်ရာ အခြေအနေများ အား ဖော်ပြချက်

(၆) အချက်ပြ ပရိုတိုကောလ် (signaling protocol) နှင့် သင့်လျော်သည့်နေရာများတွင် ကြားခံပစ္စည်း (interface) အတွက် အသုံးပြုမည့် encryption ဆိုင်ရာ နည်းလမ်းများ အပါအဂင် အဆိုပြုထားသည့် အပြန်အလှန်ဆက်သွယ်ခြင်း ဆိုင်ရာ ကြားခံပစ္စည်းများ နှင့် ပတ်သက်သည့် ပြည့်စုံသော ဖော်ပြချက်။

(၇) ဆောင်ရွက်နိုင်သည့် နေရာများတွင် ဂန်ဆောင်မှုပေးသူရွေးချယ်ခြင်းနှင့် နံပါတ် ဆက်လက် သယ်ဆောင်နိုင်မှု အတွက် စီမံဆောင်ရွက်မည့် နည်းပညာ နှင့် နှုန်းထားဆိုင်ရာ စည်းကမ်း ချက်များ

(၈) တိုက်ရိုက်ပါဂင်ပတ်သက်ခြင်းမရှိသည့် ကြားလူ၏ ငွေတောင်းခံလွှာ ဆိုင်ရာ ဂန်ဆောင်မှုများ

ခ) ဈေးကွက်ကို လွှမ်းမိုးနိုင်သည့် လိုင်စင်ရရှိသူ သည် ယင်း၏ အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီ ချက်နှင့် အညွှန်းကမ်းလှမ်းချက် RIO တို့ အချင်းချင်း ကိုက်ညီမှုရှိစေရန် တတ်နိုင်သမျှဆောင်ရွက်ရမည်။ အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာ သဘောတူညီ ချက်နှင့် အညွှန်းကမ်းလှမ်းချက် RIO တို့ ကိုက်ညီမှုမရှိပဲ ထိုကဲ့သို့ မကိုက်ညီမှုများသည် အပြန်အလှန်ဆက်သွယ်မှုတွင် ပါဂင်သူများကြား တည်ရှိနေသော အခြေအနေ အရပ်ရပ်ပေါ် မူတည်၍ ညှိနှိုင်းဆောင် ရွက်၍ မရနိုင်သည့် ကိစ္စရပ်များတွင် RIO ၏ စည်းမျဉ်း စည်းကမ်းများ အတိုင်းသာ ကျင့်သုံးရမည်။

## အခန်း (၅)

## ချိတ်ဆက်အသုံးပြုခြင်း

၁၇။ ဈေးကွက်အားလွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူအတွက် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ တာဂန်ဂတ္တရားများ မှာ အောက်ပါအတိုင်းဖြစ်သည်-

က) ဦးစီးဌာနသည် ပုဒ် မ (၇) (ဂ) နှင့် (ဃ) အရ ဈေးကွက်အားလွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူအား ၎င်း ၏ ကွန်ရက် အထောက်အကူ ပြုဂန်ဆောင်မှု နှင့် ကွန်ရက်အထောက်အကူပြုပစ္စည်းများ အား ချိတ်ဆက်ခွင့် နှင့် အသုံးပြုခွင့် ကို ဆောင်ရွက်ပေးရန် အတွက် တာဂန်ဂတ္တရားများကို စာဖြင့် ညွှန်ကြားနိုင်သည်။ အထူးသဖြင့် ချိတ်ဆက်အသုံးပြုခြင်းကို ငြင်းဆိုခြင်း (သို့ မဟုတ်) သင့်တော်သော ယှဉ်ပြိုင်မှု

ဈေးကွက်ဖြစ်ပေါ်လာရန် ဟန့်တားသည့် ကျိုးကြောင်းမခိုင်လုံသော ချိတ်ဆက်အသုံးပြုမှုဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း (သို့မဟုတ်) သုံးစွဲသူများ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် အခြေအနေ များတွင် ညွှန်ကြားနိုင်သည်။ အဆိုပါ တာဝန်ဝတ္တရားများတွင် အောက်ပါအချက်များ ပါဝင်နိုင်သည်-

(၁) လိုင်စင်ရရှိသူ အခြားတစ်ဦးအား သတ်မှတ်ထားသည့် ဆက်သွယ်ရေး ကွန်ရက် အစိတ်အပိုင်းများနှင့်/ သို့မဟုတ် အထောက်အကူပြုပစ္စည်းများအား ချိတ်ဆက်အသုံးပြုခွင့် ပေးရန်

(၂) ပေးအပ်ပြီးဖြစ်သော ကွန်ရက်အထောက်အကူပြု ပစ္စည်းများအား ချိတ်ဆက် အသုံး ပြုခွင့်ကို ဦးစီးဌာန၏ ခွင့်ပြုချက်မရပဲ ရုပ်သိမ်းခြင်း (သို့မဟုတ်) ဟန့်တားခြင်း မပြုရန်

(၃) ၎င်း၏ ကွန်ရက်အထောက်အကူပြုပစ္စည်းများ အား အပြန်အလှန်ဆက်သွယ်ရန်

(၄) နေရာအတူတကွသုံးစွဲခြင်း သို့မဟုတ် တိုင်များ၊ အဆောက်အအုံများ အပါအဝင် အခြား အထောက်အကူပြုပစ္စည်းများအား မျှဝေ သုံးစွဲရန် သို့မဟုတ် တာဝါတိုင်များ မျှဝေသုံးစွဲရန်

(၅) လိုင်စင်ရရှိသူတစ်ဦးက လိုင်စင်ရရှိသူ အခြား တတိယ တစ်ဦး အား လိုင်စင်ရရှိသူ ပထမတစ်ဦး ၏ ဆက်သွယ်မှု ကွန်ရက်မှတစ်ဆင့် အပြန်အလှန်ဆက်သွယ်နိုင်သည့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန် လိုအပ်ချက် နှင့် intelligent ကွန်ရက်ဝန်ဆောင်မှုများ သို့မဟုတ် မိုဘိုင်းကွန်ရက် များတွင် အပြန်အလှန်ခေါ်ဆိုခွင့်အတွက် အထောက် အကူ ပြုပစ္စည်းများ အပါအဝင် သုံးစွဲသူများ အတွက် တစ်ဘက် မှ အခြားတစ်ဘက်သို့ အပြန်အလှန်ဆက်သွယ်ပေးရန် လိုအပ်သော ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန်

(၆) ဝန်ဆောင်မှု အချင်းချင်း အပြန်အလှန် ဆောင်ရွက်ပေးရန် သို့မဟုတ် virtual network ဝန်ဆောင်မှုများ အတွက် လိုအပ်မည့်နည်းပညာဆိုင်ရာ ကြားခံပစ္စည်းများ၊ protocols များ သို့မဟုတ် အခြား အရေးပါသည့် နည်းပညာများ ကို ချိတ်ဆက်အသုံးပြု ခွင့် ပေးရန်

(၇) နှစ်ဦးနှစ်ဘက်ချိတ်ဆက်မှုကြား ပါဝင်ပတ်သက်ခြင်းမရှိသည့် ကြားခံပုဂ္ဂိုလ်များမှ ပြန်လည်ဝန်ဆောင်မှုပေးနိုင်ရန်အတွက် သတ်မှတ်ထားသော ဝန်ဆောင်မှုများကို လက်ကား စနစ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်

(၈) ဝန်ဆောင်မှုများပေးရာတွင် မျှတသော ယှဉ်ပြိုင်မှုဖြစ်စေရန်အတွက် လိုအပ်သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အထောက်အကူပြုစနစ်များ သို့မဟုတ် အလားတူ software စနစ်များအား အသုံးပြုခွင့် ရရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်

(၉) ချိတ်ဆက်အသုံးပြုခြင်းရန် တောင်းဆိုထားသော လိုင်စင်ရရှိသူများနှင့် သဘောရိုးဖြင့် ညှိနှိုင်းဆောင်ရွက်ရန်

(ခ) ဦးစီးဌာနသည် ဤနည်းဥပဒေ၏ ပုဒ်မ (၂၀) (က) တွင် သတ်မှတ်ထားသည့် ဆောင်ရွက်ရန် တာဝန်ဝတ္တရားများ ကို ပြဋ္ဌာန်းရာတွင် မျှတမှုရှိစေရန်၊ ကျိုးကြောင်းဆီလျော်မှုရှိစေရန် နှင့် အချိန် ကိုက် ဖြစ်စေရန် အတွက် စည်းကမ်းချက်များကို တပါတည်း ချမှတ်နိုင်သည်။

ဂ) ဦးစီးဌာနသည် ဤနည်းဥပဒေ၏ ပုဒ်မ (၂၀) (က) တွင် ဖော်ပြပြီးခဲ့သည့် သတ်မှတ်ချက်များအား ပြဋ္ဌာန်းသင့် / မသင့် ကို ဆုံးဖြတ်ရာတွင် အောက်ဖော်ပြပါ အခြေခံအကြောင်းရင်းများ ကို ထည့်သွင်း

စဉ်းစားရမည်။ အထူးသဖြင့် အဆိုပါ သတ်မှတ်ချက်များသည် ဤနည်းဥပဒေတွင် ချမှတ်ထားသော ဦးတည်ချက်များနှင့် ကိုက်ညီမှုရှိစေရန် အထူးအလေးဂရုပြုရမည်။

(၁) ဈေးကွက်ဖွံ့ဖြိုးမှုနှုန်း ၊ ချိတ်ဆက်အသုံးပြုမည့် အမျိုးအစားနှင့် သဘော သဘာဝ တို့ကို ထည့်သွင်းစဉ်းစားပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော အထောက်အကူ ပစ္စည်း များ တပ်ဆင်ခြင်းနှင့် အသုံးပြုခြင်းတို့အတွက် နည်းပညာ၊ သဘာဝ ပတ်ဝန်း ကျင်နှင့် စီးပွားရေး အရ တွက်ခြေကိုက်မှု

(၂) အဆိုပြုထားသောချိတ်ဆက်အသုံးပြုခြင်းကို ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ရရှိနိုင် သော စွမ်းဆောင်ရည်အရ ဆောင်ရွက်ပေးရန် ဖြစ်နိုင်ခြေ ရှိမှု

(၃) အထောက်အကူပြုပစ္စည်းများ ကို ရင်းနှီးမြှုပ်နှံရာတွင် ဖြစ်ပေါ်လာနိုင်သည့် စွန့်စားရမှုများ၊ ပြဿနာ များ အပါအဝင် ပိုင်ဆိုင်သူ ၏ ကနဦး ရင်းနှီး မြှုပ်နှံမှု

(၄) ယှဉ်ပြိုင်မှု ရေရှည်တည်တံ့ရေးအတွက် ဆက်လက်ထိန်းသိမ်းထားရှိရန် လိုအပ်ချက်

(၅) သင့်လျော်သည့် အခြေအနေများတွင် သက်ဆိုင်ရာ မူပိုင်ခွင့်ကိစ္စရပ်များ

၁၈။ ဈေးကွက်ကိုလွှမ်းမိုးနိုင်သောလိုင်စင်ရရှိသူအတွက်RAO သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဦးစီးဌာန သည် ဈေးကွက်ကို လွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူအား ချိတ်ဆက်အသုံးပြုခွင့်ဆိုင်ရာ ရည်ညွှန်း ကမ်းလှမ်းချက် (RAO) ကို တင်ပြရန် လိုအပ်ပါက ညွှန်ကြားနိုင်သည်။ RAO တွင် ဈေးကွက်ကို လွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူမှ ကမ်းလှမ်းသည့် ချိတ်ဆက်အသုံးပြုမှုဆိုင်ရာ ဝန်ဆောင်မှုများ ပါဝင်ရမည် ဖြစ်ပြီး လိုအပ်ပါက အောက်ပါအချက်များ ပါဝင်ရမည်-

(၁) ကြိုးဖြင့် သို့ မဟုတ် ကြိုးမဲ့နည်းအားဖြင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများအား ချိတ်ဆက်ရာတွင် ပါဝင် နိုင်သည့် ကြိုးဖုန်းကွန်ရက်နှင့် မိုဘိုင်းဖုန်းကွန်ရက် ဆိုင်ရာ ပစ္စည်းကိရိယာများ နှင့် သက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ အား ချိတ်ဆက်အသုံးပြုခွင့်

(၂) အဆောက်အအုံများ၊ တိုင်များ နှင့် တာဝါ များ အပါအဝင် ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများအား ရရှိသုံးစွဲခွင့်

(၃) လုပ်ငန်းလည်ပတ်ရေးဆိုင်ရာ ပံ့ပိုးမှုစနစ်များ အပါအဝင် သင့်လျော်သည့် software စနစ်များကို ရယူသုံးစွဲခွင့်၊ နံပါတ်များ ဘာသာပြန်ခြင်း သို့ မဟုတ် အလားတူဆောင်ရွက်နိုင်သည့် စနစ်များ အား ရယူသုံးစွဲခွင့်

(၄) ဒစ်ဂျစ်တယ် ရုပ်မြင်သံကြား ဝန်ဆောင်မှုများအတွက် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာစနစ်များ (conditional access system) အား ရယူသုံးစွဲခွင့်

(၅) virtual ကွန်ရက် ဝန်ဆောင်မှုများအား ရယူသုံးစွဲခွင့်

(၆) သွယ်ဝိုက်သောနည်းအားဖြင့် ချိတ်ဆက်အသုံးပြုခွင့်

(ခ) ဦးစီးဌာနသည် ချိတ်ဆက်အသုံးပြုခြင်း ရည်ညွှန်းကမ်းလှမ်းချက် (RAO) ကို ရေးဆွဲပြင်ဆင်ရမည့် ဈေးကွက်အားလွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူ မည်သူမဆို အသုံးပြုရမည့် ရည်ညွှန်းကမ်းလှမ်းချက်အတွက် လမ်းညွှန်ချက်များနှင့် နမူနာပုံစံများကို ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်၍ ထုတ်ပြန်နိုင်သည်။

(ဂ) ဤ နည်းဥပဒေအရ RAO ကိုရေးဆွဲပြင်ဆင်ပေးရမည့် ဈေးကွက်အားလွှမ်းမိုးနိုင်သော လိုင်စင်ရရှိသူ သည် အသိပေးအကြောင်းကြားစာရရှိပြီး ရက်ပေါင်း (၆၀) အတွင်း နှင့် ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အချိန်ကာလအတွင်း ဦးစီးဌာနသို့ အတည်ပြုချက်ရရှိရန် တင်ပြရမည်။

(ဃ) ဦးစီးဌာနအနေဖြင့် RAO ပါ စည်းကမ်းချက်များသည် ဤ နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် အပြန်အလှန်ဆက်သွယ်ခြင်းဆိုင်ရာမူများ၊ ဆက်သွယ်ရေးဥပဒေ၊ အခြားအကျုံးဝင်သော စည်းမျဉ်း စည်းကမ်းများ၊ ဈေးကွက်အား လွှမ်း မိုး နိုင်သော လိုင်စင်ရရှိသူ၏ လိုင်စင် သို့ မဟုတ် အခြား တည်ဆဲဥပဒေများ နှင့် ကိုက်ညီခြင်းမရှိဟု ယူဆပါက ဈေးကွက်ကိုလွှမ်းမိုးနိုင်သော လိုင်စင် ရရှိသူအား RAO ပါ စည်းကမ်းချက်များ ကို ပြင်ဆင်ရန် ညွှန်ကြားနိုင်သည်။

(င) ဈေးကွက်အားလွှမ်းမိုနိုင်သောလိုင်စင်ရရှိသူ သည် အတည်ပြုထားသော RAO တစ်ခုအား ပြင်ဆင် ပြောင်းလဲလိုပါက ခိုင်လုံသော အကြောင်းပြချက်နှင့်တကွ အဆိုပြုသည့် ပြောင်းလဲချက်အား ဦးစီးဌာနထံ ရေးသားတင်ပြရမည်။

(စ) ဦးစီးဌာနသည် အဆိုပြုထားသည့် RAO သို့မဟုတ် RAO ပြင်ဆင်ပြောင်းလဲချက်များအား အတည်ပြုသင့် မသင့် ဆုံးဖြတ်ချက်ချမှတ်ရန် အတွက် ပြည်သူလူထုနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊ စိတ်ပါဝင်စားသူများ၏ အမြင်ကို ဖိတ်ခေါ်ခြင်း စသည် တို့ အပါအဝင် လိုအပ်သည်ဟု ယူဆသည့် မည်သည့်လုပ်ဆောင်ချက်ကို မဆို ကျင့်သုံးနိုင်သည်။ ဦးစီးဌာနအနေဖြင့် ဆုံးဖြတ်ချက်ကို မြန်ဆန်ထိရောက်စွာ ချမှတ်ရမည်။

(ဆ) ပြင်ဆင်ပြောင်းလဲထားသော RAO တစ်ခုအား ဦးစီးဌာနက အတည်ပြုခြင်း မရှိသ၍ လက်ရှိ အတည်ပြု ထားသော RAO ကသာ အကျိုးသက်ရောက်မှုရှိသည်။

(ဇ) ဈေးကွက်ကိုလွှမ်းမိုနိုင်သောလိုင်စင်ရရှိသူသည် RAO သို့မဟုတ် RAO ပြင်ဆင်ပြောင်းလဲချက်အား အတည်ပြုပြီး (၇) ရက်အတွင်း အောက်ပါနည်းလမ်းများဖြင့် ထုတ်ပြန်ပေးရမည်-

(၁) RAO အား ၄င်း၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ပြခြင်း နှင့်

(၂) လိုင်စင်ရရှိသော အခြားသူများက တောင်းဆိုပါက RAO အား ပုံနှိပ်၍သော်လည်း ကောင်း၊ အီလက်ထရောနစ်ပုံစံဖြင့်သော်လည်းကောင်း လည်းကောင်း ရရှိစေရန် ဆောင်ရွက်ခြင်း

# အခန်း (၆)

## အပြန်အလှန်ဆက်သွယ်ခြင်း နှင့် ချိတ်ဆက်အသုံးပြုခြင်းဆိုင်ရာ

## အငြင်းပွားမှု အား ဖြေရှင်းခြင်း

၁၉။ အငြင်းပွားမှုများ ဖြေရှင်းရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) လိုင်စင်ရရှိသူသည် ဤနည်းဥပဒေအရ သို့မဟုတ် ယင်း၏ လိုင်စင်အရ သော်လည်းကောင်း မိမိ၏ သဘောဆန္ဒအရသော်လည်းကောင်း အပြန်အလှန် ဆက်သွယ်ခြင်းနှင့် ချိတ်ဆက်အသုံးပြုခြင်း ဆိုင်ရာ အငြင်းပွားမှု အား ဖြေရှင်းချက်ရန်အတွက် "အငြင်းပွားမှုဖြေရှင်းရန်တောင်းဆိုချက်" ကို ဦးစီးဌာန သို့ ရေးသား ပေးပို့ ရမည်။ အငြင်းပွားမှုဖြေရှင်းရန်တောင်းဆိုသူအား "တိုင်ကြားသူ"ဟု ခေါ်တွင်ရမည် ဖြစ်ပြီး အငြင်းပွားမှု၏ တခြားတစ်ဖက်မှ သူအား "တိုင်ကြားခံရသူ" ဟု ခေါ်တွင်ရမည်။

(ခ) အငြင်းပွားမှု ဖြေရှင်းရန် တောင်းဆိုချက်တွင် အောက်ပါအချက်များပါဝင်ရပြီး တိုင်ကြားခံရသူ ထံ မိတ္တူပေးပို့ ရမည်-

(၁) တိုင်ကြားသူနှင့် တိုင်ကြားခံရသူ ၏ လိပ်စာ နှင့် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား

(၂) အငြင်းပွားမှုဖြစ်နေသည့် ကွန်ရက်ဝန်ဆောင်မှုများ နှင့် ကွန်ရက်အထောက်အကူပြု ပစ္စည်း များ ဆိုင်ရာ ဖော်ပြချက်

(၃) အငြင်းပွားမှုဖြစ်နေသည့် ကိစ္စများ နှင့် နှစ်ဘက်စလုံးမှ သဘောတူညီထားသည့် အခြားသော ကိစ္စရပ်များ ဆိုင်ရာ ဖော်ပြချက်

(၄) နှစ်ဘက်စလုံး မှ အငြင်းပွားမှု ကို ဖြေရှင်းရန် အားထုတ်မှု ဆောင်ရွက်ချက်ဆိုင်ရာ အသေးစိတ်အချက်အလက်များ ၊ တိုင်ကြားသူ က ဆုံးဖြတ်ဖြေရှင်းပေးစေလိုသည့် ကိစ္စရပ် များ နှင့် အငြင်းပွားမှုအား ပြေရာပြေကြောင်းဖြစ်စေရန် ဖြေရှင်းပေးနိုင်မည့် တိုတိုနှင့် ရှင်းလင်းပြည့်စုံသော ဖော်ပြချက်

(ဂ) တိုင်ကြားသူသည် ယင်း၏ ကိုယ်ပိုင်နည်းလမ်းဖြင့် အငြင်းပွားမှု ဖြေရှင်းမည်ဆိုပါက အငြင်းပွားမှု ဖြေရှင်းရန်တောင်းဆိုချက် တွင် အောက်ဖော်ပြပါ အချက်များကို ရေးသားဖော်ပြရမည်-

(၁) အငြင်းပွားမှုတွင် ပါဝင်သော တိုင်ကြားခံရသူထံ အကြောင်းကြားပြီး ဖြစ်ကြောင်း

(၂) တိုင်ကြားခံရသူနှင့် ဆွေးနွေးမှုများ ပြုလုပ်ပြီး အငြင်းပွားမှုအား ဖြေရှင်းနိုင်ရန် အတွက် သဘောရိုးဖြင့် ကြိုးပမ်းဆောင်ရွက်ပြီးဖြစ်ကြောင်း

(၃) တိုင်ကြားခံရသူထံ အငြင်းပွားမှုအတွက် အကြောင်းကြားစာ ပေးပို့ထားသည်မှာ ရက်ပေါင်း (၃၀) ကြာပြီး ဖြစ်ကြောင်း

(ဃ) တိုင်ကြားခံရသူသည် အငြင်းပွားမှု ဖြေရှင်းပေးရန် တောင်းဆိုချက် ကို ရရှိပြီး ရက်နှစ်ဆယ် (၂၀) အတွင်း ၄င်း ၏ တုံ့ပြန်ချက် အား ဦးစီးဌာန နှင့် တိုင်ကြားသူထံ စာဖြင့် ရေးသားပေးပို့ရမည်။

(င) ဦးစီးဌာနသည် တိုင်ကြားခံရသူဘက်မှ တုံ့ပြန်ချက်ပေးရမည့် အချိန်ကာလကို အခြေအနေပေါ်မူတည်၍ လျှော့ခြင်း သို့မဟုတ် တိုးမြှင့်ခြင်း တို့ကို ပြုလုပ်နိုင်သည်။

(စ) အငြင်းပွားမှုဖြေရှင်းရန် တောင်းဆိုချက် ကို ရရှိသောအခါ ဦးစီးဌာန သည် အောက်ဖော်ပြပါ ဆောင်ရွက်ချက် များအနက် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဆောင်ရွက်နိုင်သည်။

(၁) လိုအပ်သည်ဟု ယူဆပါက အငြင်းပွားမှုကို အကျိုးသက်ရောက်နိုင်သည့် အခြားသော သတင်းအချက် အလက်များအား မည်သည့် ပုဂ္ဂိုလ်ထံမှ မဆို တောင်းခံခြင်း

(၂) နှစ်ဘက်စလုံးအား အငြင်းပွားမှုအား ဖြေရှင်းရန်အတွက် ကြိုးပမ်းမှု များကို စတင် ရန် သို့မဟုတ် ဆက်လက် ဆောင်ရွက်ရန် ညွှန်ကြားခြင်း

(၃) အောက်ပါ အခြေအနေများတွင် အငြင်းပွားမှုကို ဖြေရှင်းပေးရန် ငြင်းပယ်နိုင်သည်-

(က) ဦးစီးဌာန ၏ စီရင်ဆုံးဖြတ်ပိုင်ခွင့် အတိုင်းအတာ ပြင်ပတွင်ရှိခြင်း

(ခ) အငြင်းပွားမှုသည် လေးနက်မှုမရှိခြင်း၊ အနှောင့်အယှက်ဖြစ်စေခြင်း ၊ သို့မဟုတ် လုပ်ငန်းစဉ်အား မလျော်မကန် ဖြစ်စေခြင်း။

(ဂ) တိုင်ကြားသူသည် တိုင်ကြားခံရသူနှင့် အငြင်းပွားမှုအား ဖြေရှင်းရန်အတွက် လုံလောက်သော အားထုတ်မှု မပြုခဲ့ခြင်း ။

(ဃ) အငြင်းပွားရခြင်းအဓိက အကြောင်းရင်းသည် နားလည်မှုလွဲမှားခြင်း၊ ချို့ယွင်းချက်များ ရှိနေ ခြင်း သို့မဟုတ် အကြောင်းအရာ ခိုင်လုံမှု မရှိခြင်း။

(င) ဆုံးဖြတ်ချက်သည် ဈေးကွက်အတွင်း ယှဉ်ပြိုင်မှု အား သိသိသာသာတိုးတက်မှု မဖြစ်ပေါ်စေခြင်း

(စ) အငြင်းပွားနေသော အကြောင်းအရာသည် လူမှုရေးအရဖြစ်စေ၊ စီးပွားရေးအရ ဖြစ်စေ အတိုင်း အတာတစ်ခုအထိ အရေးပါမှု မရှိခြင်း။

(ဆ) အငြင်းပွားနေသော အကြောင်းအရာသည် နှစ်ဦးနှစ်ဘက် ရရှိခဲ့သည့် စီးပွားရေး ဆိုင်ရာသဘောတူညီမှုကို အနှောက်အယှက်ဖြစ်စေနိုင်သည် ဟု သတ်မှတ်နိုင်ရန် လုံလောက်သော အရေးပါမှုမရှိခြင်း

(ဇ) အငြင်းပွားမှု ဖြေရှင်းရန် ကိစ္စသည် သုံးစွဲသူများအတွက် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စမဟုတ်ခြင်း

(၄) စိတ်ပါဝင်စားသူများထံမှ သက်သေအထောက်အထားများနှင့် တင်ပြချက်များကို စုစည်းရန်အတွက် လိုအပ်ပါက ပြည်သူလူထု နှင့် ဆွေးနွေးတိုင်ပင်ခြင်း အပါအဝင် မည်သည့်လုပ်ငန်းစဉ် ကို မဆို ချမှတ်ခြင်း

(၅) အငြင်းပွားမှု ဆိုင်ရာ ဆုံးဖြတ်ချက် သည် အငြင်းပွားမှုတွင် ပါဝင်သူများ၊ ဦးစီးဌာန နှင့် ကုန်ကျ စရိတ်အချိုးချသည့် နည်းလမ်းများအား ချည်နှောင်ထားခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အငြင်း ပွားမှု အား ဖြေရှင်းသည့် လုပ်ငန်းစဉ်များ ၊ ကြားဝင်ဖျန်ဖြေပေးမည့် အချိန်ကာလ သတ်မှတ် ချက် အပါအဝင် အငြင်း ပွားမှု အား ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ကြားဝင်ဖျန်ဖြေပေးမည့်သူ သို့မဟုတ် ခုံသမာဓိ လူကြီး တစ်ဦး ရွေးချယ်ခန့်အပ်ခြင်းနှင့် ၊ အဆိုပါ ဖျန်ဖြေခြင်း၊ ခုံသမာဓိဖြင့် စီရင်ခြင်းနှင့် သက်ဆိုင်သည့် တာဝန်နှင့် လုပ်ပိုင်ခွင့် များ ချမှတ်ခြင်း

(၆) ဦးစီးဌာနက အခြေအနေများအလိုက် သင့်လျော်သည်ဟု ယူဆသော လုပ်ငန်းစဉ်များကို အသုံးပြုလျက် အငြင်းပွားမှုအား စီရင်ဆုံးဖြတ်ခြင်း

(၇) အခြေအနေများအလိုက် ဦးစီးဌာနက သင့်လျော်သည်ဟု ယူဆသည့် အခြားသော ဆောင်ရွက် ချက်များ

၂၀။ အငြင်းပွားမှုများအား ဖြေရှင်းရန် လမ်းညွှန်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အငြင်းပွားမှုတစ်ခုအား ဆုံးဖြတ်ရာတွင် ဦးစီးဌာနသည် အငြင်းပွားမှုဖြစ်နေသူများ အပါအဝင် တရားဝင် အားပြိုင်နေသော အကျိုးစီးပွားများ ၊ သုံးစွဲသူများ နှင့် နိုင်ငံတစ်ပှမ်းလုံး အကြား ဟန်ချက် ညီမျှမှု ရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး အငြင်းပွားခြင်းမရှိသော မည်သည့် သဘောတူညီချက်များ ကို မဆို တတ်နိုင်သမျှ ထိန်းသိမ်းလျက် မြန်နိုင်သမျှ မြန်အောင် ဆောင်ရွက်ရမည် ဖြစ်သည်။

(ခ) သင့်လျော်သည့်နေရာတွင် ဦးစီးဌာနသည် အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် အောက်ဖော်ပြပါ အချက်အလက်များကို ထည့်သွင်းစဉ်းစားမည် -

(၁) ဆက်သွယ်ရေး ဝန်ဆောင်မှုများကို သုံးစွဲနေသူများ၏ ရေရှည်အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်မှု

(၂) ဆက်သွယ်ရေး ဝန်ဆောင်မှုများနှင့် ကွန်ရက်များ၏ စီးပွားရေးအရအကျိုးရှိသော လုပ်ငန်းဆောင်ရွက်မှု

(၃) တောင်းဆိုသည့် အပြန်အလှန်ဆက်သွယ်ခြင်း နှင့် ချိတ်ဆက်အသုံးပြုခြင်း များ အတွက် နည်းပညာအရသော်လည်းကောင်း ၊ စီးပွားရေးအရသော်လည်းကောင်း ဖြစ်နိုင် ခြေရှိသည့် အခြားသော နည်းလမ်းများ ရရှိနိုင်မှု

(၄) သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများအား သုံးစွဲသူများ အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရရှိ အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးရန် ဆန္ဒရှိမှု ။

(၅) တောင်းဆိုမှုအား ဖြည့်ဆည်းပေးနိုင်ရန်အတွက် အရင်းအမြစ်များ ရရှိနိုင်မှုနှင့် စပ်လျဉ်းသည့် တောင်းဆိုမှု ၏ သဘောသဘာဝ။

(၆) အခြေခံဆက်သွယ်ရေး လိုအပ်ချက် (universal services) ကို ထိန်းသိမ်းရန် လိုအပ်မှု

(၇) ဆက်သွယ်ရေးကွန်ရက်များ စုစည်းမှုနှင့် ဝန်ဆောင်မှုများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေအား ထိန်းသိမ်းထားရှိရန် လိုအပ်ချက်

(၈) ယှဉ်ပြိုင်မှုအား မြှင့်တင်ပေးမှု

(၉) အများပြည်သူ အကျိုးစီးပွား

(၁၀) ပါဝင်သူတစ်ဦးတစ်ယောက်နှင့် စပ်လျဉ်း၍ ချမှတ်ထားသည့် ထိန်းသိမ်းကြီးကြပ် ရေးဆိုင်ရာ တာဝန်ဝတ္တရားများ သို့မဟုတ် ကန့်သတ်ချက်များ

(၁၁) အခြားသက်ဆိုင်၍ သင့်လျော်သော သုံးသပ်ချက်များ

၂၁။ ဦးစီးဌာနသည် အငြင်းပွားမှု ဖြေရှင်းခြင်း လုပ်ငန်းစဉ်အား မိမိ၏ ကနဦး ဆောင်ရွက်ချက်ဖြင့် စတင်လုပ်ဆောင်နိုင်ပြီး အပြန်အလှန်ဆက်သွယ်ခြင်း နှင့် ချိတ်ဆက်ရယူခြင်းဆိုင်ရာ အငြင်းပွားမှုများသည် အများပြည်သူ ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်း မရှိစေရန်အတွက် လိုင်စင်ရရှိသူအပေါ် ယာယီပြဋ္ဌာန်းချက်များကို သတ်မှတ်နိုင်သည်။